The Dhammadhipati Vihara
Charity Reg no. 1110396
2005 LONDON

# အဘိဓမ္မာအခါတော်နေ့
## အဘိဓမ္မာ(၇)ကျမ်း

# စုပေါင်းရွတ်ဆိုပွားများပူဇော်ပွဲ



The Dhammadipthi Vihara (လန်ဒန်၊ ရွှေကျင်ကျောင်း)


The Dhammadhipati Vihara (London)

WHITE COTTAGE 2 Sutton Road, Hounslow, London, UK TW5 0PF

Tel: +44(0)20 8797 7908 Mobile: +44(0)78 5224 7379

uadicca@yahoo.co.uk http://www.shwekyinvihara.org.uk

အခမ်းအနားဖွင့်စဉ်ရွတ်ဆိုရန်
မြော်ချင့်ပဏ္ဏာ ကန်တော့လွှာ

တိဒသမှိ ယထာ ဌာယီ၊ ဆဗ္ဗဏ္ဏောဟိ သုမင်္ဂလီ၊
ကြွဒံ မဇ္ဈေ တထာ ကန္တိ၊ သံသုဒ္ဓ ဗုဒ္ဓကေသရီ။

သံသုဒ္ဓဗုဒ္ဓကေသရီ- လွန်စွာရစ်ထွေး အပြစ်လေးလှသော အညစ်အကြေး ဟူသမျှတို့ကို မြူကမျှ မကျန်ကြွင်းရအောင် သန့်ရှင်း သုတ်သင်တော်မူနိုင်သဖြင့် ပိုင်ပိုင်ယူကျုံး အဖြူးဆုံး တုမနှုန်းကဲလွန် ဟေမဝန်ရဂုံမို့၌ စံမချို့မာန် အဟုန်တို့ဖြင့် ရန်သူပုန် ဝင်ဝှေ့မညှဉ်းနိုင်သည့် ခြင်္သေ့မင်းကေသရီနှင့် သွေတညီပမာထားရသည့် ဘုရားကိုယ်တော်မြတ်သည်၊ ဆဗ္ဗဏ္ဏောဟိ- ညိုတတန့် ဝါတလီ ဖြူအနီ ညိုးမပျက်ဘဲ ပြိုးပြိုးပျက် မှိုင်းမှုန်မှုန်ဟု ဝိုင်းအုံလှည့်လည် မြူးကွန့်စည်သော ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့်၊ သုမင်္ဂလီ- ရောင်ဝါညီးညီး ရွှေတောင်ကြီးကို ရွှေဆည်းဆာ ရောင်ပြောင်ပြောင်ဝန်းသွယ် လျှပ်ပန်းစုံခြယ်သကဲ့သို့ တင့်တယ်တော်မူလှသော ရူပကာယကို ပသာဒစက္ခုဖြင့် ကြည့်ရှုရန်မဝံ့အောင် တလွှန့်လွှန့် တရှိန်ရှိန် တထိန်ထိန် တလက်လက်ဖြင့် ပေါင်းယှက်သန့်စင် ကောင်းစွာ တန်ဆာဆင်တော်မူလျက်၊ တိဒသမှိ-သိကြားမင်းစံရာ ဝတိံသာအတွင်း ပင်လယ်ကသစ်ပင်ရင်းဝယ် ခင်းထားသည့် နေရာ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်၌၊ ဌာယီယထာ- နတ်ပြဟ္မာတို့၏ ကျက် သရေကို ပျက်ကြွေအောင် နှိမ်နင်းသို့ ထွန်းလင်းသောအသရေဖြင့် ကြွနွေခိုင်ကြည် လျက် တည်နေတော်မူသည့် အလားသို့၊ ကြွဒံဗုဒ္ဓဗိမ္ဗ-သိကြားစံရာ ဝေဇယန်သို့ ပုံ ဟန်စံသွင်း စီမံကျင်းသည့် ဤဓမ္မသဘင် ခန်းမကြီး အတွင်း၌ တဝင်းဝင်း တလက် လက်ရောင်မျိုးစုံ ရောယှက်သဖြင့် နှစ်သက်ဖွယ်ဆို ကြည်ညိုဖွယ်ထင်ရှား ဘုရားမြတ် ကိုယ်တော်စား ဤရုပ်ရှင်တော်မြတ်ဘုရားကို၊ ကန္တိ-ရွှင်မောရွှင်ပျ ကုသိုလ်ဟုန်ဇော ကြွသဖြင့် သောမနပီတိ စီရရီရှိငြား ဘုရားတပည့်များသည်၊ တထာ-ထိုရောင်ခြည် သွယ်ဝန်းလှည့်လျက် ရွှန်းအိအိ သိရ်သမ္ဘာနှင့် ဝတိံမှာ ဘိဓမ္မာဟောပါသည့် မြတ်ရှင် စော ပမာသွင်လို၊ မဇ္ဈေ-ဟိုအခါ ထင်ရှားရှိခဲ့သည့် အရှင်ဘုရား၏ သဏ္ဍာန်တော်ဟု အမှန်မျှော်ကာ အစဉ်တွေးတွေးပြီး ထင်တရေးရေး ရှိရပါတော့သည်မြတ်စွာဘုရား။

**အဘိဓမ္မာအခါတော်နေ့အခမ်းအနားတွင်**
**သမ္မာဒေဝနတ်ဗြဟ္မာများကို ပင့်ဖိတ်ခြင်း**

သဒ္ဓမ္မာစာရ ဒေဝါနံ၊ နိမန္တေမ သဂါရဝါ။
မောဒမာနာ အာဂစ္ဆန္တု၊ သုဏန္တု ဓမ္မမုတ္တမံ။

သဒ္ဓမ္မာစာရဒေဝါနံ-သူတော်စင်များ ကျင့်ကြံပွားသည့် တရားနက်ခေါင် မြိုက်လက်ဆောင်ကို အန်ထောင်နိစ္စ ကြိုးကုတ်ကြသည့် ဒေဝဒေဝါ နတ်ဗြဟ္မာတို့အား။ သဂါရဝေါ-သူတော်ချင်းချင်း သတင်းလေ့လေ့ ပေါင်းသင်းလေ့ဖြင့် မမေ့အပ်သူ မိတ်စစ်ဟူ၍ ကြည်ဖြူစိတ်ရင်း ရိုသေခြင်းရှိကြပါကုန်လျက်၊ နိမန္တေမ-ဘောဇဉ်မြိုက်ခဲ ဓမ္မပွဲကို လက်တွဲရွှင်ပြုံး တူနှုလုံးဖြင့် သုံးဆောင်လိုက်ပါ စိတ်စေ့စွာ၍ မှာတော်စာသား ဂါထာပါးလျက် ဖိတ်ကြားနိမာန် ကြပါကုန်၏။ မောဒမာနာ-ဓမ္မမိတ်ဆွေ တို့-တတွေကို ဖိတ်ပေကုန်၏ ဂွမ်းဆီထိသို့ ပီတိရှုန်းစို နှစ်လိုဝမ်းမြောက်ကြကုန်သည် ဖြစ်၍၊အာဂစ္ဆန္တု-ဓမ္မစည်ကြီး သောင်းတိုက်ဟည်းအောင် ရိုက်တီးနေကြ ဤဒေသသို့ တေဇထက်ဖြိုး စက်တန်ခိုးဖြင့် ထက်မိုးဝဠာ သောင်းစကြာမှ ဆောစွာခဏ လာရောက်တော်မူကြစေကုန်သတည်း။ ဥတ္တမံ-သုတ္တာန်နှင့် ဝိနယတို့ထက် အဓိကကဲချွန် သာလွန်မြင့်မြတ်ပေထသော၊ ဓမ္မံ-ဓမ္မသင်္ဂဏီမှစ ပဋ္ဌာန်းကျအောင် ဂမ္ဘီရဂမ္ဘီရာ အဘိဓမ္မာတရား ရတနာကို၊ သုဏန္တု-သမ္ပဇဉ်သတိ ကိုယ်စီရှိ၍ သမာဓိဂုဏ် စွဲမြဲထုံလျက် အာရုံတစ်ပါး စိတ်မသွားဘဲ ထောင်နား စိုက်တော်မူကြပါစေကုန်သတည်း။

**နတ်များပို့ရန်**

မဟာပုညာဘိသန္ဒော ဘော၊ သိဒ္ဓေါဝ နိရုပဒ္ဒဝေါ။
ဂစ္ဆန္တု သွာဂတာ ဒေဝါ၊ မောဒန္တာ သဠု မာနသာ။

ဘော-အဘိဓမ္မာ ဒေသနာကို စေတနာစိုက်စူး သဒ္ဓါထူးဖြင့် ကြည်နူးရွှင်ပျရွှတ်နာကြသည့် ဓမ္မမိတ်ပေါင်း အို . . . သူတော်ကောင်းတို့၊ မဟာပုညာဘိသန္ဒော-အဘိဓမ္မာ ဒေသနာဖြင့် မြတ်စွာဇိနေ၁် စိန္တေယျော်အား ပူဇော်သက္ကာရ အားသစ်ကြသည့် များလှသည့်ပင် ကြီးမြတ်သော ကုသိုလ်အလျဉ်သည်၊ နိရုပဒ္ဒဝေါ-ထံပါးချဉ်းကပ် နှိပ်စက်တတ်သည့် ဥပါဒ်ဟူ၍ မြူမငွေ့သည်ဖြစ်၍၊ သိဒ္ဓေါဝ-သူငါရွှင်ပြုံး ပီတိဖုံးလျက် နိဂုံးတိုင်မြောက် အပြီးရောက်ခဲ့လေပြီ။ သွာဂတာ-ကျွန်ုပ်တို့ နှုတ်မြွက်-

ပင့်ဖိတ်ချက်ကြောင့် နှစ်သက်ဝမ်းသာ ကြွရောက်လာကြကုန်သော၊ ဒေဝါဒေဝါပိ=တန်ခိုးတေဇာ ဖြိုးဝေဖြာလျက် ဂုဏ်ဝါကြီးမား အရှင်နတ်ပြဟ္မာ အများတို့သည်လည်း။ သုဠှမာနာသာ-လူ့ပြည်လူသား တို့မိတ်များလျက် ချီးမြှောက်ကုန်၏ ပေးကုန်၏ဟု သတိသမ္ပဇဉ် စိတ်ကောင်းယှဉ်တော်မူကြကုန်လျက်။ မောဒန္တာ-ပြုံးတစိမ့်စိမ့် နှလုံးဖိမ့်၍ နှစ်သိမ့်ဝမ်းမြောက်ကြကာ၊ ဂစ္ဆန္တု-ကိုယ်စိတ်နှစ်ခြိုက် လက်ဆောင်ပိုက်၍ ပျော်ပိုက်နေကြ မိမိတို့စံရာ ဘုံဌာနသို့ ပြန်ကြွတော်မူကြပါစေကုန်သတည်း။

## အဘိဓမ္မာအခါတော်နေ့အကြောင်း
## ေ့သျောက်တင်သံ

၁။ ဘုန်းတော်တောက်ပွား၊ ခြောက်ပါးရောင်စုံ၊
ရွှေညာဏ်တော်စွမ်း၊ အံ့ခန်းဖုံဖုံ၊
တန်ခိုးတော်ကြီး၊ ရေမီးစုံစုံ၊
ပြလေပြား မြတ်ဖျား စိန္တေဂုဏ်။

၂။ သာဝတ္ထိတိုင်း၊ သမိုင်းပြည်သာ၊
ဥယျာဉ်တော်တွင်း၊ မြိုင်မင်းရိပ်ဝါ၊
သရက်ဖြူရင်း၊ ထင်လင်းသေချာ၊
မိစ္ဆာမျိုး၊ ညွတ်လျှိုးလာစိမ့်ငှာ။

၃။ ကောင်းကင်ထက်နန်း၊ စက်ပန်းတန့်လှူ၊
အောင်ဘိသေပန်း၊ ထက်ဝန်းဖြန့်ပုံ၊
ဖိတ်ဖိတ်လက်လက်၊ ကွန့်ထွက်လျှံဂုဏ်၊
မိုးနယ်လုံး၊ အုပ်ဖုံးရောင်ခြည်စုံ။

၄။ ဥက္ကာလျှံလူး၊ ပုံ့ကူးယှက်ခြုံ၊
လျှပ်နွယ်သွယ်ညီး၊ ကြယ်မီးသို့ပုံ၊
ရေ-မြေ နရက်၊ ဘဝဂ်ဘုံကုန်၊
မိစ္ဆာမျိုး၊ ဖျက်ချိုးပြာဋိစုံ။

၅။ မိစ္ဆာတသင်း၊ ပယ်ရှင်းစေငှာ၊
တန်ခိုးတော်သီး၊ ရေ-မီး ဖြာဖြာ၊
ရှင်တော်ရွှေဘုန်း၊ ပြဆုံးလေရာ၊
ထက်ကြင့်နန်း၊ စက်ပန်းချီတဲ့ခါ။

၆။ ခုနှစ်ဝါမြောက်၊ ဘုန်းတောက်လျှံဝေ၊
ကရုဏာပွား၊ မြတ်ဖျားစိတ်ထွေ၊
သတ္တဝါများ၊ သနားငဲ့ပေ၊
ဝတီနန်း၊ ကြွမြန်း လာခဲ့ချေ။

၇။ မြင်းမိုရ်မြင့်နန်း၊ တင့်ဆန်းပြည်သာ၊
မြရိပ်ဝါဝင်း၊ သာခင်းတည်စွာ၊
ကသစ်ပင်ရင်း၊ စီခင်းနေရာ၊
ကျောက်ဖျာထက်၊ စံလျက် တည်သောခါ။

၈။ မယ်တော်နတ်မှူး၊ မြတ်ဦးထင်စွာ၊
နတ်ပြဟ္မာပေါင်း၊ ခညောင်းယူနာ၊
သုံးလဝါတွင်း၊ ရှင်ရင်းမိန့်ရာ၊
မြတ်ဓမ္မ၊ သတ္တာဘိဓမ္မာ။

၉။ နောင်တွင်မပျက်၊ အဆက်တည်ရာ၊
နိမ္မိတပွား၊ ဘုရားကြွလာ၊
လက်ျာရံဘိ၊ သာရိပုတ္တာ၊
တစ်ဆင့်ဟော၊ မြင့်မော ဘိဓမ္မာ။

၁၀။ လူ့ပြည်လူသား၊ နာကြားစေရာ၊
ရှင်တော်ညွှန်းပြ၊ ခွန်းဟမြွက်သာ၊
ပညာခေါင်ထိ၊ သာရိပုတ္တာ၊
လယ်အလတ်၊ မိန့်အပ်ဘိဓမ္မာ။

၁၁။ လင်းနို့ဖြစ်ဖူး၊ သစ်ထူးဂုဏ်ရည်၊
ငါးရာရဟန်း၊ နာခန်းကြုံပြီ၊
ကျူးရင့်သံလွတ်၊ ဝါကျွတ်အမီ၊
ပြီးအဆုံး နိဂုံးပြိုင်ခဲ့သည်။

၁၂။ သို့လျှင်နေ့ထူး၊ ကြုံဖူးလေရာ၊
ဘိဓမ္မာနေ့၊ မှတ်လေ့အခါ၊
ညီညာပေါင်းစု၊ ကောင်းမှုကြည်သာ၊
သံပြိုင်လွတ်၊ ဆိုရွတ် ဘိဓမ္မာ။

## ဓမ္မသင်္ဂဏီပါဠိ

၁။ ကတမေ ဓမ္မာ ကုသလာ။ ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ ရူပါရမ္မဏံ ဝါ သဒ္ဒါရမ္မဏံ ဝါ ဂန္ဓာရမ္မဏံ ဝါ ရသာရမ္မဏံ ဝါ ဖောဋ္ဌဗ္ဗာရမ္မဏံ ဝါ ဓမ္မာရမ္မဏံ ဝါ ယံ ယံ ဝါ ပနာရဗ္ဘ။ တသ္မိံ သမယေ ဖဿော ဟောတိ၊ ဝေဒနာ ဟောတိ၊ သညာ ဟောတိ၊ စေတနာ ဟောတိ၊ စိတ္တံ ဟောတိ၊ ဝိတက္ကော ဟောတိ၊ ဝိစာရော ဟောတိ၊ ပီတိ ဟောတိ၊ သုခံ ဟောတိ၊ စိတ္တဿေကဂ္ဂတာ ဟောတိ၊ သဒ္ဓိန္ဒြိယံ ဟောတိ၊ ဝီရိယိန္ဒြိယံ ဟောတိ၊ သတိန္ဒြိယံ ဟောတိ၊ သမာဓိန္ဒြိယံ ဟောတိ၊ ပညိန္ဒြိယံ ဟောတိ၊ မနိန္ဒြိယံ ဟောတိ၊ သောမနဿိန္ဒြိယံ ဟောတိ၊ ဇီဝိတိန္ဒြိယံ ဟောတိ၊ သမ္မာဒိဋ္ဌိ ဟောတိ၊ သမ္မာသင်္ကပ္ပေါ ဟောတိ၊ သမ္မာဝါယာမော ဟောတိ၊ သမ္မာသတိ ဟောတိ၊ သမ္မာသမာဓိ ဟောတိ၊ သဒ္ဓါဗလံ ဟောတိ၊ ဝီရိယဗလံ ဟောတိ၊ သတိဗလံ ဟောတိ၊ သမာဓိဗလံ ဟောတိ၊ ပညာဗလံ ဟောတိ၊ ဟိရိဗလံ ဟောတိ၊ ဩတ္တပ္ပဗလံ ဟောတိ၊ အလောဘော ဟောတိ၊ အဒေါသော ဟောတိ၊ အမောဟော ဟောတိ၊ အနဘိဇ္ဈာ ဟောတိ၊ အဗျာပါဒေါ ဟောတိ၊ သမ္မာဒိဋ္ဌိ ဟောတိ၊ ဟိရီ ဟောတိ၊ ဩတ္တပ္ပံ ဟောတိ၊ ကာယပဿဒ္ဓိ ဟောတိ၊ စိတ္တပဿဒ္ဓိ ဟောတိ၊ကာယလဟုတာ ဟောတိ၊ စိတ္တလဟုတာ ဟောတိ၊ ကာယမုဒုတာ ဟောတိ၊ စိတ္တမုဒုတာ ဟောတိ၊ ကာယကမ္မညတာ ဟောတိ၊ စိတ္တကမ္မညတာ ဟောတိ၊ ကာယပါဂုညတာ ဟောတိ၊ စိတ္တပါဂုညတာ ဟောတိ၊ ကာယုဇုကတာ ဟောတိ၊ စိတ္တုဇုကတာ ဟောတိ၊ သတိ ဟောတိ၊ သမ္ပဇညံ ဟောတိ၊ သမထော ဟောတိ၊ ဝိပဿနာ ဟောတိ၊ ပဂ္ဂါဟော ဟောတိ၊ အဝိက္ခေပေါ ဟောတိ၊ ယေ ဝါ ပန တသ္မိံ သမယေ အညေပိ အတ္ထိ ပဋိစ္စသမုပ္ပန္နာ အရူပိနော ဓမ္မာ။ ဣမေ ဓမ္မာ ကုသလာ။

## ဝိဘင်္ဂပါဠိ

ပဉ္စက္ခန္ဓာ ရူပက္ခန္ဓော ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သင်္ခါရက္ခန္ဓော ဝိညာဏက္ခန္ဓော။ တတ္ထ ကတမော ရူပက္ခန္ဓော၊ ယံ ကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ၊ တဒေကဇ္ဈံ အဘိသညူဟိတွာ အဘိသင်္ခိပိတွာ အယံ ဝုစ္စတိ ရူပက္ခန္ဓော။

တတ္ထ ကတမံ ရူပံ အတီတံ၊ ယံ ရူပံ အတီတံ နိရုဒ္ဓံ ဝိဂတံ ဝိပရိဏတံ အတ္ထင်္ဂတံ အဗ္ဘတ္ထင်္ဂတံ ဥပ္ပဇ္ဇိတွာ ဝိဂတံ အတီတံ အတီတံသေန သင်္ဂဟိတံ၊ စတ္တာရော စ မဟာဘူတာ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယရူပံ၊ ဣဒံ ဝုစ္စတိ ရူပံ အတီတံ။ တတ္ထ ကတမံ ရူပံ အနာဂတံ၊ ယံ ရူပံ အဇာတံ အဘူတံ အသဉ္ဇာတံ အနိဗ္ဗတ္တံ အနဘိနိဗ္ဗတ္တံ

အပါတုဘူတံ အနုပ္ပန္နံ အသမုပ္ပန္နံ အနုဋ္ဌိတံ အသမုဋ္ဌိတံ အနာဂတံ အနာဂတံသေန သင်္ဂဟိတံ၊ စတ္တာရော စ မဟာဘူတာ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယရူပံ၊ ဣဒံ ဝုစ္စတိ ရူပံ အနာဂတံ။

တတ္ထ ကတမံ ရူပံ ပစ္စုပ္ပန္နံ၊ ယံ ရူပံ ဇာတံ ဘူတံ သဉ္ဇာတံ နိဗ္ဗတ္တံ အဘိနိဗ္ဗတ္တံ ပါတုဘူတံ ဥပ္ပန္နံ သမုပ္ပန္နံ ဥဋ္ဌိတံ သမုဋ္ဌိတံ ပစ္စုပ္ပန္နံ ပစ္စုပ္ပန္နံသေန သင်္ဂဟိတံ၊ စတ္တာရော စ မဟာဘူတာ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယရူပံ၊ ဣဒံ ဝုစ္စတိ ပစ္စုပ္ပန္နံ။

တတ္ထ ကတမံ ရူပံ အဇ္ဈတ္တံ၊ ယံ ရူပံ တေသံ တေသံ သတ္တာနံ အဇ္ဈတ္တံ ပစ္စတ္တံ နိယကံ ပါဋိပုဂ္ဂလိကံ ဥပါဒိန္နံ၊ စတ္တာရော စ မဟာဘူတာ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယရူပံ၊ ဣဒံ ဝုစ္စတိ **အဇ္ဈတ္တံ** ။

တတ္ထ ကတမံ ရူပံ ဗဟိဒ္ဓါ၊ ယံ ရူပံ တေသံ တေသံ ပရသတ္တာနံ ပရပုဂ္ဂလာနံ အဇ္ဈတ္တံ ပစ္စတ္တံ နိယကံ ပါဋိပုဂ္ဂလိကံ ဥပါဒိန္နံ၊ စတ္တာရော စ မဟာဘူတာ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယရူပံ၊ ဣဒံ ဝုစ္စတိ ဗဟိဒ္ဓါ။

တတ္ထ ကတမံ ရူပံ ဩဠာရိကံ စက္ခာယတနံ။ ပ ။ ဖောဋ္ဌဗ္ဗာယတနံ၊ ဣဒံ ဝုစ္စတိ ရူပံ ဩဠာရိကံ။

## ဓာတုကထာပါဠိ

ရူပက္ခန္ဓော ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတော၊ ရူပက္ခန္ဓော ဧကေန ခန္ဓေန ဧကာဒသဟာယတနေဟိ ဧကာဒသဟိ ဓာတူဟိ သင်္ဂဟိတော။ ကတိဟိ အသင်္ဂဟိတော၊ စတူဟိ ခန္ဓေဟိ ဧကေနာယတနေန သတ္တဟိ ဓာတူဟိ အသင်္ဂဟိတော။

ဝေဒနာက္ခန္ဓော ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတော၊ ဝေဒနာက္ခန္ဓော ဧကေန ခန္ဓေန ဧကေနာယတနေန ဧကာယ ဓာတုယာ သင်္ဂဟိတော။ ကတိဟိ အသင်္ဂဟိတော၊ စတူဟိ ခန္ဓေဟိ ဧကာဒသဟာယတနေဟိ သတ္တရသဟိ ဓာတူဟိ အသင်္ဂဟိတော။

သညာက္ခန္ဓော ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ တိဟိ ဓာတူဟိ သင်္ဂဟိတော၊ သညာက္ခန္ဓော ဧကေန ခန္ဓေန ဧကေနာယတနေန ဧကာယဓာတုယာ သင်္ဂဟိတော။ ကတိဟိ အသင်္ဂဟိတော၊ စတူဟိ ခန္ဓေဟိ ဧကာဒသဟာယတနေဟိ သတ္တရသဟိ ဓာတူဟိ အသင်္ဂဟိတော။

သင်္ခါရက္ခန္ဓော ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတော၊ သင်္ခါရက္ခန္ဓော ဧကေန ခန္ဓေန ဧကေနာယတနေန ဧကာယ ဓာတုယာ သင်္ဂဟိတော၊ ကတိဟိ အသင်္ဂဟိတော၊ စတူဟိ ခန္ဓေဟိ ဧကာဒသဟာယတနေဟိ သတ္တရသဟိ ဓာတူဟိ အသင်္ဂဟိတော။

ဝိညာဏက္ခန္ဓော ကတိဟိ ခန္ဓေဟိ ကတိဟာယတနေဟိ ကတိဟိ ဓာတူဟိ သင်္ဂဟိတော၊ ဝိညာဏက္ခန္ဓော ဧကေန ခန္ဓေန ဧကေနာယတနေန သတ္တဟိ ဓာတူဟိ သင်္ဂဟိတော။ ကတိဟိ အသင်္ဂဟိတော၊ စတူဟိ ခန္ဓေဟိ ဧကာဒသဟာယတနေဟိ ဧကာဒသဟိ ဓာတူဟိ အသင်္ဂဟိတော။

## ပုဂ္ဂလပညတ္တိပါဠိ

ဆ ပညတ္တိယော-ခန္ဓပညတ္တိ အာယတနပညတ္တိ ဓာတုပညတ္တိ သစ္စပညတ္တိ ဣန္ဒြိယပညတ္တိ ပုဂ္ဂလပညတ္တီတိ။

ကိတ္တာဝတာ ခန္ဓာနံ ခန္ဓပညတ္တိ၊ ယာဝတာ ပဉ္စက္ခန္ဓာ-ရူပက္ခန္ဓော ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သင်္ခါရက္ခန္ဓော ဝိညာဏက္ခန္ဓော၊ ဧတ္တာဝတာ ခန္ဓာနံ ခန္ဓပညတ္တိ။

ကိတ္တာဝတာ အာယတနာနံ အာယတနပညတ္တိ၊ ယာဝတာ ဒွါဒသာယတနာနိ-စက္ခာယတနံ ရူပါယတနံ သောတာယတနံ သဒ္ဒါယတနံ ဃာနာယတနံ ဂန္ဓာယတနံ ဇိဝှါယတနံ ရသာယတနံ ကာယာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနာယတနံ ဓမ္မာယတနံ၊ ဧတ္တာဝတာ အာယတနာနံ အာယတနပညတ္တိ။

ကိတ္တာဝတာ ဓာတူနံ ဓာတုပညတ္တိ၊ ယာဝတာ အဋ္ဌာရသ ဓာတုယော- စက္ခုဓာတု ရူပဓာတု စက္ခုဝိညာဏဓာတု သောတဓာတု သဒ္ဒဓာတု သောတဝိညာဏဓာတု ဃာနဓာတု ဂန္ဓဓာတု ဃာနဝိညာဏဓာတု ဇိဝှါဓာတု ရသဓာတု ဇိဝှါဝိညာဏဓာတု ကာယဓာတု ဖောဋ္ဌဗ္ဗဓာတု ကာယဝိညာဏဓာတု မနောဓာတု ဓမ္မဓာတု မနောဝိညာဏဓာတု၊ ဧတ္တာဝတာ ဓာတူနံ ဓာတုပညတ္တိ။

ကိတ္တာဝတာ သစ္စာနံ သစ္စပညတ္တိ၊ ယာဝတာ စတ္တာရိ သစ္စာနိ-ဒုက္ခသစ္စံ သမုဒယသစ္စံ နိရောဓသစ္စံ မဂ္ဂသစ္စံ၊ ဧတ္တာဝတာ သစ္စာနံ သစ္စပညတ္တိ။

## ကထာဝတ္ထုပါဠိ

ပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေနာတိ၊ အာမန္တာ။ ယော သစ္စိကဋ္ဌော ပရမတ္ထော၊ တတော သော ပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေနာတိ၊ န ဟေဝံ ဝတ္တဗ္ဗေ။

အာဇာနာဟိ နိဂ္ဂဟံ-ဟဉ္စိ ပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေန၊ တေန ဝတ ရေ ဝတ္တဗ္ဗေ “ယော သစ္စိကဋ္ဌော ပရမတ္ထော၊ တတော သော ပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိကဋ္ဌပရိမတ္ထေနာ”တိ။ ယံ တတ္ထ ဝဒေသိ “ဝတ္တဗ္ဗေ ခေါ‘ ပုဂ္ဂလော

ဥပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေန'၊ နော စ ဝတ္တဗ္ဗေ 'ယော သစ္စိကဋ္ဌော ပရမတ္ထော၊ တတော သော ပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေနာ'တိ" မိစ္ဆာ။

နော စ ပန ဝတ္တဗ္ဗေ "ယော သစ္စိကဋ္ဌော ပရမတ္ထော၊ တတော သော ပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေနာ"တိ၊ နော စ ဝတ ရေ ဝတ္တဗ္ဗေ "ပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေနာ"တိ။ ယံ တတ္ထ ဝဒေသိ "ဝတ္တဗ္ဗေ ခေါ 'ပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေန'၊ နော စ ဝတ္တဗ္ဗေ 'ယော သစ္စိကဋ္ဌော ပရမတ္ထော၊ တတော သော ပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေနာ'တိ၊ မိစ္ဆာ။

ပုဂ္ဂလော နုပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေနာတိ၊ အာမန္တာ။ ယော သစ္စိကဋ္ဌော ပရမတ္ထော၊ တတော သော ပုဂ္ဂလော နုပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေနာတိ၊ န ဟေဝံ ဝတ္တဗ္ဗေ။

အာဇာနာဟိ ပဋိကမ္မံ-ဟဉ္စိ ပုဂ္ဂလော နုပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေန၊ တေန ဝတ ရေ ဝတ္တဗ္ဗေ" ယော သစ္စိကဋ္ဌော ပရမတ္ထော၊ တတော သော ပုဂ္ဂလော နုပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေနာ"တိ။ ယံ တတ္ထ ဝဒေသိ" ဝတ္တဗ္ဗေ ခေါ' ပုဂ္ဂလော နုပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေန'၊ နော စ ဝတ္တဗ္ဗေ' ယော သစ္စိကဋ္ဌော ပရမတ္ထော၊ တတော သော ပုဂ္ဂလော နုပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေနာ' တိ မိစ္ဆာ။

## ယမကပါဠိ

ယေ ကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလမူလာ။ ယေ ဝါ ပန ကုသလမူလာ၊ သဗ္ဗေ တေ ဓမ္မာ ကုသလာ။

ယေ ကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလမူလေန ဧကမူလာ။ ယေ ဝါ ပန ကုသလမူလေန ဧကမူလာ၊ သဗ္ဗေ တေ ဓမ္မာ ကုသလာ။

ယေ ကေစိ ကုသလမူလေန ဧကမူလာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလမူလေန အညမညမူလာ။ ယေ ဝါ ပန ကုသလမူလေန အညမညမူလာ၊ သဗ္ဗေ တေ ဓမ္မာ ကုသလာ။

ယေ ကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလမူလမူလာ။ ယေ ဝါ ပန ကုသလမူလမူလာ၊ သဗ္ဗေ တေ ဓမ္မာ ကုသလာ။

ယေ ကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလမူလေန ဧကမူလမူလာ။ ယေ ဝါ ပန ကုသလမူလေန ဧကမူလမူလာ၊ သဗ္ဗေ တေ ဓမ္မာ ကုသလာ။

ယေ ကေစိ ကုသလမူလေန ဧကမူလမူလာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလမူလေန အညမညမူလမူလာ။ ယေ ဝါ ပန ကုသလမူလေန အညမညမူလမူလာ၊ သဗ္ဗေ တေ ဓမ္မာ ကုသလာ။

ယေ ကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလမူလကာ။ ယေ ဝါ ပန ကုသလမူလကာ၊ သဗ္ဗေ တေ ဓမ္မာ ကုသလာ။

ယေ ကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလမူလေန ဧကမူလကာ။ ယေ ဝါ ပန ကုသလမူလေန ဧကမူလကာ၊ သဗ္ဗေတေ ဓမ္မာ ကုသလာ။

ယေ ကေစိ ကုသလမူလေန ဧကမူလကာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလမူလေန အညမညမူလကာ။ ယေ ဝါ ပန ကုသလမူလေန အညမညမူလကာ၊ သဗ္ဗေ တေ ဓမ္မာ ကုသလာ။

ယေ ကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလမူလမူလကာ။ ယေ ဝါ ပန ကုသလမူလမူလကာ၊ သဗ္ဗေ တေ ဓမ္မာ ကုသလာ။

ယေ ကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလမူလေန ဧကမူလမူလကာ။ ယေ ဝါ ပန ကုသလမူလေန ဧကမူလမူလကာ၊ သဗ္ဗေ တေ ဓမ္မာ ကုသလာ။

ယေ ကေစိ ကုသလမူလေန ဧကမူလမူလကာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလမူလေန အညမညမူလမူလကာ။ ယေ ဝါ ပန ကုသလမူလေန အညမည-မူလမူလကာ၊ သဗ္ဗေ တေ ဓမ္မာ ကုသလာ။

## ပဋ္ဌာနပါဠိ

သိယာ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။ သိယာ ကုသလံ ဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။ သိယာ ကုသလံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။ သိယာ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။ သိယာ ကုသလံ ဓမ္မံ ပဋိစ္စ အကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။ သိယာ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော စ အကုသလော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။ သိယာ ကုသလံ ဓမ္မံ ပဋိစ္စ ကုသလော စ အကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။ သိယာ အကုသလံ ဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။

သိယာ အကုသလံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။ သိယာ အကုသလံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။ သိယာ အကုသလံ ဓမ္မံ ပဋိစ္စ ကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။ သိယာ အကုသလံ ဓမ္မံ ပဋိစ္စ အကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။ သိယာ အကုသလံ ဓမ္မံ ပဋိစ္စ ကုသလော စ (အကုသလော စ) ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။ သိယာ အကုသလံ ဓမ္မံ ပဋိစ္စ ကုသလော စ အကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။

**(သိယာ အဗျာကတံ ဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။)**

သိယာ အဗျာကတံ ဓမ္မံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။ သိယာ အဗျာကတံ ဓမ္မံ ပဋိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယျ ဟေတုပစ္စယာ။ သိယာ အဗျာကတံ ဓမ္မံ ပဋိစ္စ ကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။ သိယာ အဗျာကတံ ဓမ္မံ ပဋိစ္စ အကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။ သိယာ အဗျာကတံ ဓမ္မံ ပဋိစ္စ ကုသလော စ အကုသလော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။ သိယာ အဗျာကတံ ဓမ္မံ ပဋိစ္စ ကုသလော စ အကုသလော စ အဗျာကတော စ ဓမ္မာ ဥပ္ပဇ္ဇေယျုံ ဟေတုပစ္စယာ။

သာဓု သာဓု သာဓု

# အမြဲပ ရွတ်ကြ ဘိခမွေ

သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းဝယ်၊

ကိန်းအောင်းပျော်မွေ့ မြတ်စိန္တေ။

ကဏ္ဍမည်တွင် သရက်ပင်ရင်းဝယ်၊

တိတ္ထိတသင်း နှိမ်နှင်းချေ။

တန်ခိုးပြကာ သုံးဖဝါး နှစ်လမ်းနဲ့၊

ဝတီသာနန်း ကြွမြန်းပေ။

ကောဝိဠာရာ သညာသင်းတဲ့၊

ကသစ်ပင်ရင်း ခင်းထားပေ။

ပဏ္ဍုကမ္ဗလာ ကျောက်ဖျာမြထက်၊

သောကြာလထွက် စံပယ်နေ။

သောင်းတိုက်စက္ကဝါ နတ်ဗြဟ္မာများတို့၊

ချဉ်းကပ်ခစား ရှိသေသေ။

မိနတ်သားကို အမှူးထားလို့၊

ကျေးဇူးတရား ဆပ်လို့ပေ။

သုံးလဝါတွင်း ဟောမိန့်ရှင်း၊

သံညှင်း ဘိခမွေ။

အဲဒါကြောင့်---ရွတ်ကြ နာကြ အမြဲပ မှတ်ကြဘိခမွေ။